စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၉/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃) ရက်

| ၃ - ၁၀ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၃၁၈.၇ |
| စင်္ကာပူဒေါ်လာ | ၁၆၂၁.၈ |
| စတာလင်ပေါင် | ၂၇၅၇.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၄၃၂.၇ |
| တရုတ်ယွမ် | ၂၉၉.၂၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၃၅ |
| အိန္ဒိယရူပီး | ၂၅.၀၁၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၉၀ |
| မလေးရှား ရင်းဂစ် | ၄၉၈.၅၈ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၂၆၇ |
| ထိုင်းဘတ် | ၆၃.၅၅၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၈၁၄ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

➢ အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အား ပြည်ပသို့ တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုတ်သိမ်းရန် စဉ်းစားလျက်ရှိ

➢ အိန္ဒိယအစိုးရက  သကြားအနည်းဆုံးရောင်းချဈေးနှုန်း (MSP) နှင့် အီသနော ဈေးနှုန်းများကို မြှင့်တင်ရန် စဉ်းစားလျှက်ရှိ

➢ ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း

➢ ရုရှား၏ ငါးနှင့် ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ် အတွက် အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံရှိမည်

➢ အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း (B50) ထုတ်လုပ်မှုကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ပြီး စားအုန်းဆီကြမ်းကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှု လျော့ချလာနိုင်

- **အထွေထွေသတင်းများ**

➢ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှ အသင့်ချုပ်ပြီးအထည် (Ready-made garments-RMG) နှစ်အလိုက်တင်ပို့မှု ၁၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်

- ရုရှားနှင့် ဂျပန်ကြား ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် ပထမဆုံးအကြိမ် တိုးတက်

## ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့် စနေနေ့ (စက်တင်ဘာလ ၂၈ ရက်) က ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ သို့သော် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (ကြမ်းခင်းဈေး) ကို ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်မည်ဟု အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (Directorate-General of Foreign Trade -DGFT) က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၌ ဖော်ပြထားကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

"တစ်ဝက်တစ်ပျက်ကြိတ်ခွဲထားသော သို့မဟုတ် အလုံးစုံကြိတ်ခွဲထားသော၊ အရောင်တင်ထားသော သို့မဟုတ် မတင်ထားသော၊ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူ (HS code 1006 30 90) ကို ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ ဖြင့် ကန့်သတ်ကုန်မှ လွတ်လပ်စွာတင်ပို့နိုင်သောကုန်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပြီး၊ နောက်ထပ် အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီ အချိန်အထိ ချက်ချင်း အာဏာသက်ရောက်စေရမည်။" ဟု DGFT ၏ အမိန့်ကြော်ငြာစာ၌ ဖော်ပြထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလကတည်းက အာဏာသက်ဝင်ခဲ့သည့် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၊ ရငွေဦးစီးဌာနမှ ထုတ်ပြန်သောအမိန့်အရ ဆန်ဖြူကို ပို့ကုန်ခွန် သုညဖြင့် တင်ပို့ခွင့်ပြုထားကြောင်း သိရသည်။ ပေါင်းဆန်အပေါ် ပို့ကုန်ခွန်အား ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လျှော့ချသတ်မှတ်ကြောင်းနှင့် အခွံချွတ်ထားသောဆန်နှင့် ဆန်လုံးညိုတို့အပေါ် ပို့ကုန်ခွန်အား အလားတူလျှော့ချသတ်မှတ်လိုက်ကြောင်း အဆိုပါ ရငွေဦးစီးဌာနမှ ပြီးခဲ့သည့် သောကြာနေ့ (စက်တင်ဘာလ ၂၇ ရက်) က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

အစိုးရမှ ယခုကဲ့သို့ ဆန်ဖြူပြန်လည်တင်ပို့ခွင့်ပြုခဲ့ပြီး၊ ပေါင်းဆန်အပေါ် အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ပေးခဲ့မှုအပေါ် ကြိုဆိုကြောင်း၊ သို့သော် ၎င်းအနေဖြင့် အဘယ်ကြောင့် ဆန်ဖြူကို ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်ပြီး၊ ပေါင်းဆန်အပေါ် အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်း သတ်မှတ်ရသည့်အပေါ် ကောင်းစွာနားမလည်ဟု အိန္ဒိယဆန် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ BV Krishna Rao က ပြောကြားခဲ့သည်။

Agribusiness & Trade

စိုက်ပျိုးရေးပို့ကုန်များတင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ M Madan Prakash က အစိုးရအနေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် ဆန်ဖြူကို ပမာဏများများ တင်ပို့နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ "ယခင်က ကျနော်တို့ ဝယ်သူတွေကို ပေါင်းဆန်သို့ ပြောင်း လဲဝယ်ယူကြဖို့ တိုက်တွန်းနေခဲ့ရပါတယ်။ အခုတော့ ဆန်ဖြူတင်ပို့ခွင့် ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကာ ကြမ်းခင်းဈေးသတ်မှတ်ချက်ကတော့ ပြဿနာကြီးကြီးမားမားမဟုတ်ပါ။" ဟု ၎င်းက ပြောကြားခဲ့သည်။

"အစိုးရက ယခုလိုဆောင်ရွက်လိုက်တာဟာ မှန်တပါတယ်။ ပေါင်းဆန်က ၁၀ ရာခိုင်နှုန်း အခွန်ပေးရရင်တောင် ဆန်ဖြူရဲ့ ကြမ်းခင်းဈေးနှင့် နှိုင်းယှဉ်လျှင် သက်သာနေတဲ့အတွက် ပေါင်းဆန်ကိုပဲ ဆက်လက်တင်ပို့သွားမှာဖြစ်ပြီး၊ ဆန်ဖြူကိုတော့ ဖြည်းဖြည်းချင်း တင်ပို့သွားမှာဖြစ်ပါတယ်။" ဟု နယူးဒေလီ မြို့အခြေစိုက် ဆန်ကုန်သည်တစ်ဦးဖြစ်သူ Rajesh Paharia Jain က ပြောကြားခဲ့သည်။ ကမ္ဘာ့ဆန်ဈေးကွက်တွင် အိန္ဒိယဆန်ဈေးနှုန်းကိုယှဉ်၍ ရောင်းနိုင်ခြင်းမရှိသည့်အတွက် ဈေးနှုန်းပြောင်းလဲဖွယ်ရှိကြောင်း၊ ယင်းသို့ဆိုပါက ကမ္ဘာ့ဆန်ဈေးကွက်တွင် နေရာပြန်လည်ရရှိနိုင်ရန် အကူအညီပေးနိုင်ကြောင်း၊ ဆန်ကွဲတင်ပို့မှုမှာမူ သမိုင်းကြောင်းတစ်ခုသာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်း၌ ဆန်စိုက်ပျိုးထွက်ရှိမှု နည်းပါးမည်ကို စိုးရိမ်သည့်အတွက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြည်ပသို့ဆန်တင်ပို့မှုပိတ်ပင်တားမြစ်ခဲ့သည်။ ဩဂုတ်လတွင် အယ်နီညိုကြောင့် အဓိကစပါးစိုက်ရာ ဒေသများ၌ မိုးရေကောင်းစွာမရရှိသည့်အတွက် ပေါင်းဆန်၊ ဆန်လုံးညိုနှင့် အခွံချွတ်ထားသောဆန်တို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း သတ်မှတ်စည်းကြပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးရေးဝန်ကြီးဌာနမှ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ထားသော အချက်အလက်များအရ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၃၇ ဒသမ ၈၃ သန်းရှိကြောင်းနှင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၁၃၅ ဒသမ ၇၆ သန်းသာ ထုတ်လုပ်ခဲ့သည့်အတွက် ဆန်ထုတ်လုပ်မှု တိုးတက်လာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်များတင်ပို့ခွင့်ပိတ်ပင်ခဲ့သည့်အတွက် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က အဆိုပါဆန်များ တင်ပို့မှုတန်ချိန် ၁၇ ဒသမ ၇၉ သန်းရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၁၂ သန်းသို့ လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

Agribusiness & Trade

ယခုနှစ် ခါရစ် (မိုးရာသီ) စပါးစိုက်ဧရိယာသည် ယခင်နှစ်က ဟက်တာ ၄၀၁ ဒသမ ၅၅ သိန်းရှိခဲ့ရာမှ ၄၀၉ ဒသမ ၅ သိန်းသို့ တိုးမြင့်လာကြောင်း၊ သို့သော် Telangana၊ Andhra Pradesh၊ Jharkhand စသည့် ပြည်နယ်များနှင့် အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါဒေသများမှ စပါးစိုက်ပျိုးထွက်ရှိမှုအပေါ် စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဆန်ဖြူတင်ပို့ခွင့်ပိတ်ပင်ခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၆၀၀ နည်းပါးအထိ မြင့်တက်ခဲ့ပြီး၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ အနေဖြင့် ၎င်းမှတစ်ဆင့် အကျိုးအမြတ် များပြားခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ဆန်ဖြူတင်ပို့မှုကို ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်လျက် ပြန်လည်ခွင့်ပြုလိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သိသာသောရိုက်ခတ်မှုများရှိလာနိုင်ပါကြောင်း သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်အမှာစာများ ကြိုတင်လက်ခံဆောင်ရွက်ခြင်း၊ အရောင်းစာချုပ်များ ကြိုတင်ချုပ်ဆိုခြင်းနှင့် ဆန်ကို အစိုးရအချင်းချင်း အစီအစဉ်များမှတစ်ဆင့် ရောင်းချခြင်းစသည့် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu Businessline, India lifts ban on exports of white rice with $490/tonne floor price, September 28, 2024

.................................................................................................................................

**အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အား ပြည်ပသို့ တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုတ်သိမ်းရန် စဉ်းစားလျက်ရှိ**

ဘာစမာတီမဟုတ်သော ဆန်မျိုးကွဲအချို့အား တင်ပို့ရောင်းချမှု တားမြစ်ချက်ကို အစိုးရက ရုတ်သိမ်းရန် စဉ်းစားနေကြောင်း အစားအစာနှင့် ဖြန့်ဖြူးရေးဌာန၊ အတွင်းဝန်ဖြစ်သူ Sanjeev Chopra က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

Chopra က ဈေးကွက်အတွင်း ဆန်လိုအပ်ချက်နှင့် သိုလှောင်ထားရှိနိုင်မှုအခြေအနေများ အပေါ်တွင်မူတည်၍ သင့်လျော်သည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေးအတွက် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစတင်၍ တားမြစ်ခဲ့သည့်အပြင် ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းကိုလည်း ရက်အကန့်အသတ်မရှိ တိုးမြှင့်ထားသည်။

အစားအစာနှင့် ဖြန့်ဖြူးရေးဌာနအတွင်းဝန်က အစိုးရသိုလှောင်ရုံများတွင် ဆန်အလုံလောက်သိုလှောင်ထားရှိကြောင်းနှင့် လက်လီဈေးနှုန်းများကို ထိန်းချုပ်ထားနိုင်ကြောင်း ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ဆန်းဈေးကွက်၌ အများဆုံးတင်ပို့ရောင်းချသူဖြစ်ပြီး ၎င်း၏ ဘာစမာတီမဟုတ်သည့်ဆန်ဖြူအမျိုးအစားများအား တင်ပို့မှုကန့်သတ်ခြင်း၊ ဖြေလျှော့ပေးခြင်းများသည် ကမ္ဘာ့ဆန်ဈေးကွက်ကို သက်ရောက်မှုများရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Govt mulling lifting ban on non-basmati rice export: Food Secretary, The Economic Times, 18 September 2024.

## အိန္ဒိယအစိုးရက သကြားအနည်းဆုံးရောင်းချဈေးနှုန်း (MSP) နှင့် အီသနော ဈေးနှုန်းများကို မြှင့်တင်ရန် စဉ်းစားလျက်ရှိ

အိန္ဒိယအစိုးရသည် အီသနောဈေးနှုန်းများတိုးမြှင့်ခြင်း၊ သကြားရောင်းချမှုအနည်းဆုံးဈေးနှုန်း (Minimum Selling Price -MSP) မြှင့်တင်ခြင်းနှင့် ၂၀၂၄-၂၅ ရာသီအတွက် သကြားတင်ပို့မှုများကို ပြန်လည်သုံးသပ်ရန် စဉ်းစားနေကြောင်းနှင့် ယင်းကိစ္စနှင့် သက်ဆိုင်သည့် ရေနံဝန်ကြီးဌာနနှင့်လည်း ဆက်သွယ်ဆွေးနွေးလျက်ရှိကြောင်း စားနပ်ရိက္ခာဝန်ကြီး Pralhad Joshi က ကြာသပတေးနေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

သကြားတင်ပို့မှုနှင့် ပတ်သက်၍ Joshi က လာမည့်နှစ်၏ ထုတ်လုပ်မှုနှင့်သကြားရရှိနိုင်မှုကိုကြည့်ပြီးနောက် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သကြားဈေးနှုန်းညှိနှိုင်းရေးကော်မတီသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ ပြောင်းလဲခြင်းမရှိသော သကြားအနိမ့်ဆုံးရောင်းဈေးတစ်ကီလိုလျှင် ၃၁ ရူပီးကို တိုးမြှင့်ရန် အဆို ပြုချက်ကို ညှိနှိုင်းနေသည်ဟုလည်း ဝန်ကြီးကပြောကြားခဲ့သည်။ Joshi သည် မုတ်သုံလေအခြေနေကို ကိုးကား၍ အောက်တိုဘာလမှ စတင်မည့် ၂၀၂၄-၂၅ ရာသီအတွက် သကြားထုတ်လုပ်မှုမှာ ကောင်းမွန်မည်ဟု ခန့်မှန်းထားကြောင်းလည်း သိရှိရသည်။

အိန္ဒိယအစိုးရမှသတ်မှတ်ထားသော အီသနောဈေးနှုန်းများသည် ၂၀၂၂-၂၃ ခုနှစ် (နိုဝင်ဘာမှ အောက်တိုဘာလ) မှစတင်၍ မြှင့်တင်ထားခြင်းမရှိသေးဘဲ ကြံရည်၊ B-Heavy တင်လဲရည်နှင့် C-Heavy တင်လဲရည်တို့မှထုတ်လုပ်သော အီသနောများ၏ လက်ရှိနှုန်းထားများမှာ တစ်လီတာလျှင် ၆၅.၆၁ ရူပီး၊ ၆၀.၇၃ နှင့် ၅၆.၂၈ ရူပီး အသီးသီး ဖြစ်ကြောင်းသိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Govt mulls hike in sugar MSP, ethanol prices, The Economic Times, 27 September 2024.

## ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း

လက်ရှိတွင် ရုရှားနိုင်ငံ၌ အာရေးဗီကာကော်ဖီ(Arabica)၏ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ဝန်းကျင်သို့ ရောက်ရှိနေပြီး ၁၃ နှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လတွင် ကော်ဖီအဓိကထုတ်လုပ်သော ဘရာဇီးနိုင်ငံ၌ ရာသီဥတုဆိုးဝါးမှုကြောင့် ကော်ဖီဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ အာရေးဗီကာနေရာ၌ ရိုဘတ်စတာ (Robusta)ဖြင့် အစားထိုးရန် ကြိုးပမ်းမှုကြောင့်လည်း အာရေးဗီကာဈေးနှုန်းကို မြင့်တက်စေကြောင်း ရုရှားလက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe” ၏ ဥက္ကဋ္ဌ Mr. Ramaz Chanturia က ပြောကြားခဲ့သည်။

Agribusiness & Trade

ယခုအခါ ကမ္ဘာ့ကော်ဖီဈေးနှုန်းများ ကြီးမြင့်သည့်အခြေအနေတွင် ရှိနေပြီး ကုန်ကြမ်းစရိတ် ကြီးမြင့်မှုဆီသို့ ဦးတည်နေသည့် အလားအလာမှာ ထင်ရှားနေကြောင်း၊ ယင်းကြောင့် ကော်ဖီကုန် ကြမ်းများသည် မဝေးတော့သော အနာဂတ်တွင် ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ပြီး ကော်ဖီထုတ် ကုန်များသည် ပြီးခဲ့သည့် ၂/၃ နှစ်ထက်စာလျှင် အတော်လေးမြင့်တက်လာနိုင်သည့်အတွက် ပြင်ဆင် ထားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စတိုးဆိုင်များရှိ ကော်ဖီဈေးနှုန်းသည် ကုန်ကြမ်းကုန်ကျစရိတ်အပြင် ငွေကြေးလဲလှယ်နှုန်း၊ စွမ်းအင်အခွန်အခနှင့် အခြားအခွန်အခများ၊ လက်လီရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ် စသည့် အကြောင်းခံများစွာပေါ် မူတည်လျက်ရှိကြောင်း၊ ကုန်ကြမ်းကုန်ကျစရိတ်များ မြင့်တက်လာ လျှင် ကော်ဖီကုန်ချောထုတ်လုပ်ရန် ကုန်ကျစရိတ်လည်း မြင့်တက်လာလိမ့်မည်ဖြစ်ပြီး စားသုံးသူ များအတွက် နောက်ဆုံးဈေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း Mr. Ramaz Chanturia က မှတ်ချက်ပြုသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိကတင်သွင်းသောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယားစသည့်နိုင်ငံများဖြစ်ပါသည်။ ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော် ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင်တင်သွင်းသည့် နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့ နိုင်မည့်အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240917/kofe-1973085597.html

………………………………………………………………………………………………..

# ရုရှား၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံရှိမည်

၂၀၂၄ ခုနှစ်အတွက် ရုရှားနိုင်ငံ၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၃ ခုနှစ် အဆင့်တွင် ရှိမည်ဖြစ်ကြောင်း ငါးလုပ်ငန်းသမဂ္ဂဥက္ကဋ္ဌ Mr. Alexander Panin က စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် နိုင်ငံတကာငါးလုပ်ငန်းဖိုရမ်တွင် ပြောကြားခဲ့သည်။

ရုရှားဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီ(Federal Agency for Fishery) အကြီးအကဲ Mr. Ilya Shestakov ၏ ပြောဆိုမှုအရ ၂၀၂၃ ခုနှစ်တွင် ရုရှားငါးနှင့်ရေထွက်ကုန်များတင်ပို့မှု ပမာဏသည် တန်ချိန် ၂.၅ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရသည်။

ရုရှားမှ အဓိကတင်ပို့သော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် pollock ၊ herring ၊ salmon ၊ sardine ၊ cod၊ fishmeal နှင့် ဂဏန်းများဖြစ်သည်။ ၂၀၃၀ ခုနှစ်တွင် ပြုပြင်ပြီးရေထွက်ကုန်များတင်ပို့နိုင်မှုအပါအဝင် ငါးနှင့် ရေထွက်ကုန်များတင်ပို့မှု တန်ဖိုးစုစုပေါင်းဒေါ်လာ ၇/၈ ဘီလီယံအထိ ရောက်ရှိရန်မျှော်မှန်းထားကြောင်း ဖက်ဒရယ် ငါးလုပ်ငန်းအေဂျင်စီက ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ရေနေသတ္တဝါ ဇီဝအရင်းအမြစ်များ ထုတ်လုပ်မှုတွင် ထိပ်တန်းငါးနိုင်ငံစာရင်းထဲ၌ ပါဝင်ပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ကြောင်း၊ ရုရှားရေပိုင်နက်တွင် မပေါက်ဖွားသော ရေထွက်ကုန်များသာ တင်သွင်းကြောင်း သိရှိရသည်။

ရုရှားမှ ရေထွက်ကုန်များ အဓိကတင်ပို့သောနိုင်ငံများမှာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပိုလန်နှင့် ဂျာမနီတို့ဖြစ်ပြီး အဓိကတင်သွင်းသောနိုင်ငံများမှာ ချီလီ၊ တူကီယဲ၊ အိန္ဒိယ၊ တရုတ်နှင့် အီကွေဒေါတို့ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ငါးနှင့်ရေထွက်ကုန်တင်သွင်းမှုပမာဏသည် တန်ဖိုးဒေါ်လာ ၁.၃ ဘီလီယံရှိခဲ့သည်။

ရုရှားမှ အဓိကတင်သွင်းသော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် Vannamei ပုစွန်၊ salmon နှင့် ပြည်ကြီးငါးများဖြစ်သဖြင့် မြန်မာနိုင်ငံမှ Vannamei ပုစွန်များအား ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့်အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.ru/ekonomika/21887361

Agribusiness & Trade

## အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း (B50) ထုတ်လုပ်မှုကို အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်ပြီး စားအုန်းဆီကြမ်းကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှု လျှော့ချလာနိုင်

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ခံသမ္မတ Prabowo Subianto က အခမ်းအနားများတွင် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း (B50) အစီအစဉ် အကောင်အထည်ဖော်မှုကို အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားမှုများ ရှိပါသည်။ အဆိုပါအစီအစဉ်ဖြစ်ပေါ်လာပါက အင်ဒိုနီးရှား နိုင်ငံအနေဖြင့် စားအုန်းဆီကြမ်း တင်ပို့မှုကို လျှော့ချလာနိုင်ပြီး တင်ပို့ခြင်း မပြုလုပ်သည့် အခြေအနေလည်းဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားဆီအုန်းအသင်းက ဖော်ပြထားပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Sudaryono က "B50 အစီအစဉ်ကို ကမ္ဘာ့ဈေးကွက်တွင် အပေးအယူညှိနှိုင်းနိုင်မှုမြှင့်တင်နိုင်ရန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍအား ကောင်းစေရန်ဟူသည့် မဟာဗျူဟာ ၂ ခုအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အနောက်နိုင်ငံများ၏ ဆီအုန်းကဏ္ဍအပေါ် ထိခိုက်စေလိုသည့် မူဝါဒများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် မဟာဗျူဟာတစ်ခုလည်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့မှု တိုးတက်စေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆီအုန်းသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အကောင်းဆုံးပြင်ဆင်ထားသည့် ကုန်စည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဆီအုန်းထုတ်ကုန်များ ပြဿနာများနှင့် ရင်ဆိုင်ရပါက စားအုန်းဆီကြမ်း (CPO) ကို B50 သို့ ပြောင်းလဲနိုင်ကြောင်း၊ တင်ပို့ရခြင်းမရှိသည့် စားအုန်းဆီများကို အသုံးပြုခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် အပေးအယူညှိနှိုင်းနိုင်မှုကို အားကောင်းစေရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

"အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုလုပ်သည့် အကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် ဆီအုန်းကဏ္ဍရှိ ပါဝင်ပတ်သက်သူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းငယ်များမှာ ၎င်းတို့၏ ထုတ်ကုန်များ တင်ပို့နိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်မှုများရှိနိုင်ကြောင်း၊ စားအုန်းဆီ တင်ပို့မှုကို နှောင့်နှေးစေရန် ပြုလုပ်သည့်နိုင်ငံရှိပါက စားအုန်းဆီအစား B50 အဖြစ်ပြောင်းလဲ ထုတ်လုပ်နိုင်ကြောင်း၊ အင်ဒိုနီးရှားစားအုန်းဆီကို ပြည်ပမှ မဝယ်ယူပါက စွမ်းအင်အဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် အစားအစာနှင့် စွမ်းအင်တွင် ထိန်းချုပ်နိုင်သည့် အားသာချက်ရှိကြောင်း၊ B50 အစီအစဉ်အကောင်အထည်ဖော်မှုအပြင် ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကို ထိန်းချုပ်နိုင်ကြောင်း" Sudaryono က ပြောကြားခဲ့ပါ သည်။

Agribusiness & Trade

"အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်နေသည့် မဟာဗျူဟာမှာ ဘရာဇီးနိုင်ငံက ကြံနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့် နည်းလမ်းနှင့်တူကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန အနေဖြင့် စားအုန်းဆီမှ ဇီဝဒီဇယ်ထုတ်လုပ်မှုကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် B35 မှ B40၊ B50 ထုတ်လုပ်နိုင်ရေး ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာရှိထားပြီးဖြစ်သည့်အတွက် B100 အဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ၎င်းက ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုလုပ်နေသည့် အကြီးဆုံးနိုင်ငံဖြစ်ရာ တင်ပို့မှုလျှော့ချခြင်း၊ ရပ်ဆိုင်းခြင်းများ ပြုလုပ်လာပါက ကမ္ဘာ့ဈေးကွက်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ စားအုန်းဆီတင်သွင်း၊ တင်ပို့မှုများတွင် ချိန်ညှိဆောင်ရွက်နိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ဘာပူ

ရင်းမြစ်။ Indonesian Palm Oil Association

........................................................................................................................

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှ အသင့်ချုပ်ပြီးအထည် (Ready-made garments-RMG) နှစ်အလိုက်တင်ပို့မှု ၁၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်

ပင်လယ်နီအကျပ်အတည်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်တင်ပို့မှု ကျဆင်းလျက်ရှိသော်လည်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှ အသင့်ချုပ်ပြီးအထည် (Ready-made garments-RMG) နှစ်အလိုက်တင်ပို့မှု ၁၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၀ ရက်က ဖော်ပြသည်။

အထည်ချုပ်ကဏ္ဍအတွက် ရည်ရွယ်သော မူဝါဒဆိုင်ရာ ရေရှည်ပံ့ပိုးကူညီမှု အစီအစဉ်များရှိပြီး၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ကဲ့သို့ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (FTA) မိတ်ဖက်နိုင်ငံဟောင်းများနှင့် ထိတွေ့ဆက်ဆံမှုတို့မှတစ်ဆင့် အပြုသဘောဆောင်သောရလဒ်များ စတင်ထွက်ပေါ်လာနေပြီဖြစ်ရာ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါတိုးတက်မှု အရှိန်အဟုန်အား ဆက်လက်၍ ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းလာမှု၊ ပင်လယ်နီအကျပ်အတည်း၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှုတို့ကဲ့သို့ စိန်ခေါ်မှုများ ဆက်လက်ဖြစ်ပေါ်နေသော်လည်း၊ အိန္ဒိယနိုင်ငံမှ ချုပ်ပြီးအထည်တင်ပို့မှုသည် လွန်ခဲ့သော ငါးလ (၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လ) အတွင်း ပျမ်းမျှ ၇ ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် ကြီးထွားလာနေကြောင်း၊ ၎င်းသည် ပြီးခဲ့သည့် ဩဂုတ်လက ၁၃ လတာကာလအတွင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည့် နိုင်ငံ၏ ကုန်စည်ပို့ကုန်တင်ပို့မှုနှင့် ကွဲပြားခြားနားပါကြောင်း AEPC ဥက္ကဋ္ဌ Sudhir Sekhri က ပြောကြားခဲ့သည်။ အဆိုပါ ကာလအတွင်း RMG တင်ပို့မှုမှ စုစုပေါင်း ကန်ဒေါ်လာ ၆ ဒသမ ၃၉ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

အဝတ်အထည်ပို့ကုန်မြှင့်တင်ရေးကောင်စီ (Apparel Export Promotion Council -AEPC) မှ အိန္ဒိယအစိုးရထံ တင်ပြသောစာရင်းတွင် အထည်ကုန်ကြမ်းတင်သွင်းမှုအတွက် ဖြေလျှော့ဆောင်ရွက်ပေးရန်၊ အထည်ချုပ်ကဏ္ဍအတွက် ထုတ်လုပ်မှုနှင့် ဆက်စပ်သော မက်လုံးပေးစွဲဆောင်မှုအစီအစဉ် (Production Linked Incentive -PLI 2.0)၊ အတိုးနှုန်းညီမျှမှု အစီအစဉ်ကို တင်ပို့သူအားလုံးအတွက် ၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် အနည်းဆုံးငါးနှစ်သက်တမ်းတိုးမြှင့်ပေးရန်၊ မြို့ပြဒေသအလုပ်အကိုင်ရရှိရေး အားပေးမှုအစီအစဉ်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှု (Environmental, Social, and Governance -ESG) ဆိုင်ရာ လိုက်နာမှုအတွက် မက်လုံးပေး ဆွဲဆောင်မှုအစီအစဉ်နှင့် EU ကဲ့သို့သော အရေးကြီးသောဈေးကွက်များတွင် အခြားနိုင်ငံများနှင့် ယှဉ်ဘောင်တန်းနိုင်ရေးကိစ္စတို့ ပါဝင်ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံ၏ အထည်ချုပ်ကဏ္ဍရဲ့ ခံနိုင်ရည်အားကို မြင်တွေ့ရတာ အရမ်းအားရစရာကောင်းပါတယ်။ ထုတ်ကုန်အရည်အသွေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လိုက်နာမှုတို့ကို အာရုံစူးစိုက်ခြင်းဖြင့် မြင့်မားသောတိုးတက်မှုလမ်းကြောင်းသို့ ပြောင်းလဲရောက်ရှိကာ အထည်ချုပ်တင်ပို့မှုတွင် အဓိကကျသော ကမ္ဘာ့နိုင်ငံတစ်ခု ဖြစ်လာဖို့ အဆင်သင့်ဖြစ်နေပါပြီ။" ဟု Sekhri က ပြောကြားခဲ့သည်။

အဆိုပါ "အားတက်စရာအကောင်းဆုံး" တိုးတက်မှုများအနက် တစ်ခုမှာ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကဲ့သို့ FTA မိတ်ဖက်နိုင်ငံဟောင်းများနှင့် ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် အပြုသဘောဆောင်သောရလဒ်များ စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း Sekhri က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ မောရစ်သျှနှင့် နော်ဝေးနိုင်ငံများသို့ RMG တင်ပို့

မှုမှာ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၂ ဒသမ ၅ ရာခိုင်နှုန်း၊ ၆ ဒသမ ၆ ရာခိုင်နှုန်း နှင့် ၁၇ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် ချုပ်ပြီးအထည်တင်ပို့မှု တိုးတက်လာပြီး ဥရောပသမဂ္ဂ (EU) အပါအဝင် ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ မောရစ်သျှနှင့် နော်ဝေး နိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အိန္ဒိယအစိုးရမှ အထည်ချုပ် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့် ဆက်စပ်သော မက်လုံးပေးစွဲဆောင်မှုအစီအစဉ် (Production Linked Incentive -PLI 2.0)၊ အတိုးနှုန်းညီမျှမှုအစီအစဉ် စသည့်ဖြင့် မူဝါဒပိုင်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ မြန်မာ့အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုး တက်ရေးအတွက် အိန္ဒိယနိုင်ငံမှ အတုယူဆောင်ရွက်ဖွယ်များအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: India's ready-made garment exports surge 11.9% to $1.26 billion in August 2024, September 20, 2024

………………………………………………………………………………………………

## ရုရှားနှင့် ဂျပန်ကြား ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် ပထမဆုံးအကြိမ် တိုးတက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ရုရှားနှင့် ဂျပန်ကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၇၄၃ သန်းခန့်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃.၈၁ ရာခိုင်နှုန်းတိုး တက်ခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။ ယင်းပမာဏ သည် ၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ ပထမဆုံးအကြိမ် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်မှ ရုရှားသို့ တင်ပို့မှုသည် ဒေါ်လာ ၁၉၂.၉ သန်း ရှိပြီး ၁၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းခန့်သည် ဂျပန်မော်တော်ယာဉ်များဖြစ်သည်။ ရုရှားနိုင်ငံမှ တင်သွင်းမှုသည် ဒေါ်လာ ၅၅၀ သန်းရှိပြီး ၂၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ တင်သွင်းမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် စွမ်းအင်အရင်းအမြစ်များဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဂျပန်သည် ရုရှားမှ သဘာဝဓာတ်ငွေ့ရည်(LNG) တင်သွင်းမှုကို ၄၉ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။ LNG သည် ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းခန့်ရှိပြီး ကျောက်မီးသွေးတင်သွင်းမှုသည် ၂၃.၂ ရာခိုင်နှုန်း လျော့ကျခဲ့ကာ ရေနံတင်သွင်းခြင်းမရှိပါ။ ဂျုံတင်သွင်းမှုသည် ၁၄၅ ဆ တိုးတက်ခဲ့ပြီး တန်ချိန် ၆၃၀၀ ရှိခဲ့ကာ ငါးတင်သွင်းမှုသည် ၄.၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။ သံနှင့် သံမဏိထုတ်ကုန်များ တင်သွင်းမှု သည် ၆၈.၄ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

အဆိုပါကာလအတွင်း ရုရှားသို့ ဂျပန်မော်တော်ယာဉ်များ တင်ပို့မှုသည် ၂၅.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အပိုပစ္စည်းနှင့် အစိတ်အပိုင်းများ တင်ပို့မှုသည် ၁၉.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်းတွင် ဂျပန်မှ ရုရှားသို့ ကားနှင့်အပိုပစ္စည်းများ တင်ပို့မှုသည် သိသိသာသာ လျော့ကျသွားခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စတင်အသက်ဝင်ခဲ့သော ပိတ်ဆို့အရေးယူမှုများကြောင့် အင်ဂျင် ၁.၉ လီတာထက်ကြီးသော ဓာတ်ဆီနှင့် ဒီဇယ်ကားများအပါအဝင် hybrid ကားများ တင်ပို့ခြင်းကို တားမြစ်ခဲ့သည်။ ယခုအခါ အဆိုပါ ပိတ်ဆို့အရေးယူမှုများ စတင်ပြီးနောက် ဂျပန်မှ မော်တော်ကားတင်ပို့မှုသည် ပထမဆုံးအကြိမ် တိုးလာခဲ့ခြင်းဖြစ်သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://www.kommersant.ru/doc/7164282

……………………………………………………………………………………………

Agribusiness & Trade